# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် အဖွဲ့ မော်စကိုမြို့၌

# မဲရုံများအား ကြည့်ရှုလေ့လာ

**မော်စကို စက်တင်ဘာ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်သူကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော ဒူးမားလွှတ်တော် ရွေးကောက်ပွဲပြုလုပ်သည့် မဲရုံများထဲမှ မော်စကိုမြို့ အာဘတ်မြို့နယ် အနုပညာရှင်းများစုဝေးရာ ကဇာတ်ရုံ၌ ပြုလုပ်သည့် မဲရုံ၊ ဟာမောဗညီးကီး မြို့နယ် သိပ္ပံပညာရှင်များဆုံစည်းရာအိမ်၌ ပြုလုပ်သည့်မဲရုံ၊ ယာကီမန်းကာမြို့နယ်အစိုးရစုပေါင်းရုံး (Government one stop services) ၌ ပြုလုပ်သည့် မဲရုံ၊ အာချာကောဗာမြို့နယ် ဈေးဝယ်စင်တာနှင့် အနားယူအပန်းဖြေရာ၌ ပြုလုပ်ထားသော မဲရုံနှင့် ဒါရာဂါမီးလာဗာမြို့နယ် ယီဗရောပြဲစကီးယီ ကုန်တိုက်ရှိ အစိုးရစုပေါင်းရုံး(Government one stop services) ၌ ပြုလုပ်သည့် မဲရုံငါးရုံသို့ သွားရောက်လေ့လာကြသည်။

လေ့လာခဲ့သော မဲရုံများတွင် မဲဆန္ဒရှင်အရေအတွက်၃၀၀၀ ကျော်မှ ၈၀၀၀ ကျော်အထိ မဲစာရင်း ရှိပြီး မဲပေးနိုင်သည့်နည်းလမ်း ၄ မျိုး ရှိကြောင်း၊ ယင်းတို့မှာ မဲရုံတွင် မဲစာရွက်ဖြင့်မဲပေးခြင်း၊ မဲရုံတွင် စက်ဖြင့် မဲပေးခြင်း၊ online မှတဆင့် ဂေါ့စလူးဂီး (gosuslugi) အက်ပလီကေးရှင်းဖြင့် မဲပေးခြင်း၊ မကျန်းမာသူနှင့်သက်ကြီးရွယ်အိုများအတွက် အိမ်တိုင်ရာရောက်မဲစာရွက်ဖြင့် မဲပေးခြင်း၊မကျန်းမာသူနှင့် သက်ကြီးရွယ်အိုများအတွက် အိမ်တိုင်ရာရောက် စက်ဖြင့် မဲပေးခြင်း တို့ ဖြစ်ကြောင်း သိရသည်။

မဲပေးကြသူအများစုမှာ အွန်လိုင်းအက်ပလီကေးရှင်းမှတစ်ဆင့် မဲပေးကြပြီး မဲရုံသို့ လာရောက်မဲပေးကြသူများထဲမှ အများစုသည့်မဲရုံတွင် အီလက်ထရောစနစ်ဖြင့် မဲပေးကြသည်။

မဲစာရွက်ဖြင့် မဲပေးသူအများစုမှာ သက်ကြီးရွယ်အိုများ အများစု ဖြစ်သော်လည်း တချို့မဲရုံများတွင် စာရွက်ဖြင့်သာ မဲပေးလို၍ တန်စီနေကြသူများလည်းရှိကြောင်း တွေ့ရှိရသည်။ မကျန်းမာသူများ မဲရုံသို့မလာနိုင်သော သက်ကြီးရွယ် အိုများအနေဖြင့် ဖုန်းဆက်၍ အိမ်မှ မဲပေးနိုင်သည်။ မဲရုံသို့ ဖုန်းဆက်လာပါက မိုဘိုင်းမဲပုံးနှင့် မိုဘိုင်း မဲပေးစက်တို့ဖြင့် မဲရုံဝန်ထမ်းတစ်ဦးနှင့် ပါတီသို့ အမတ်လောင်းများ၏ စောင့်ကြည့်သူတို့ ပါဝင်သော အဖွဲ့က မဲပေးမည့်သူထံ သွားရောက်၍ မဲရယူသည်။

မဲရုံများတွင် နိုင်ငံတကာမှ လာရောက်လေ့လာသူများ ၊ ပါတီနှင့် အမတ်လောင်းတို့၏ စောင့်ကြည့်သူများ ၊ မဲပေးသူများကို တွေ့ရှိရပြီး မဲရုံအများစုတွင် မဲပေးမည့် လူစုလူဝေးကို သိပ်မတွေ့ရကြောင်း၊ မဲရုံမှူးများက ရှင်းပြရာတွင် မဲပေးရက်ရှည်ခြင်း၊ အွန်လိုင်းမှ မဲပေးနိုင်ခြင်း ၊ မဲပေးစက်များ လုံလုံလောက်လောက် စီစဉ်ပေးထားခြင်းတို့ကြောင့် လူစုပြုံ မနေခြင်း ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်